# ပြည်သူသို့အရေးပေါ်ကြေညာချက်

**အမျိုးသားညီညွတ်ရေးအစိုးရ (NUG) မှ ယနေ့ D-Day စတင်ကြေညာလိုက်သည် ဖြစ်သည့်အတွက် မိမိတို့ TSG အနေဖြင့် တမူးမြို့အတွင်းရှိသော စစ်အာဏာရှင်လက်ပါးစေများကို အပြီးသတ်ချေမှုန်းသုတ်သင်သွားပြီး စစ်အာဏာရှင်လက်ပါးစေနှင့် ၄င်းတို့၏အပေါင်းအပါများ ၄င်းတို့ကို ပံ့ပိုးကူညီသူများကို အပြီးသတ်ချေမှုန်းနှိမ်နင်းသွားမည်ဖြစ်ပါသဖြင့် အောက်ပါအချက်အလက်များကို ပြည်သူလူထုအနေဖြင့် လိုက်နာနိုင်ပါရန် အရေးပေါ်အသိပေးကြေညာလိုက်ပါသည်။**

၁။ ပြည်သူများအနေဖြင့် ယနေ့မှစပြီး မလိုအပ်ဘဲ ခရီးမသွားဖို့ မေတ္တာရပ်ခံပါသည်။ လိုအပ်သည်များကို စုဆောင်းထားပြီး PDF များကို သတင်းပေးကူညီပေးဖို့ နှိုးဆော်အပ်ပါသည်။

၂။ စစ်တပ်၊ ရဲကင်းနှင့်နီးသော အိမ်များအား အဝေးသို့ ရှောင်ပေးဖို့ အသိပေးနှိုးဆော်အပ်ပါသည်။

၃။ ဗျူရောထိုးများနှင့်စစ်ခွေးများကို အားပေးအားမြှောက်ပြုနေသော အဓမ္မသမားများအားလုံးကို မိမိတို့ ချေမှုန်းပစ်မည်။ ဒလန်များ၏ အသက်အား အာမ မခံပါ။

၄။ ယနေ့မှစ၍ စစ်ကောင်စီလက်အောက်ခံ ဝန်ထမ်းများအားလုံး ရုံးမတက်ကြရန် ကြပ်ကြပ်မတ်မတ် သတိပေးလိုက်ပါသည်။

၅။ စစ်ကောင်စီအနေဖြင့် ပြည်သူ့ရင်ခွင်သို့ ခိုလှုံပူးပေါင်းလိုပါက လက်နက်အပြည့်အစုံနှင့် မိမိတို့ပြည်သူ့ကာကွယ်ရေးတပ်မတော်ထံ အလင်းဝင်ဖို့ ကြေညာအပ်ပါသည်။

၆။ အရေးပေါ်အခြေအနေကြေညာပြီးပြီဖြစ်သောကြောင့် အထက်ပါအချက်အလက်များကို မလွဲမသွေ လိုက်နာပေးဖို့ ထပ်မံအသိပေးနှိုးဆော်အပ်ပါသည်။

**People's Defense Force**

**TSG**